# စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ

**ပန်းတိုင် (၁)**
ကမ္ဘာပေါ်ရှိ နေရာတိုင်းတွင် ဆင်းရဲနွမ်းပါးမှု ပုံစံအမျိုးမျိုး အဆုံးသတ်ရေး

**ပန်းတိုင် (၂)**
ငတ်မွတ်ခေါင်းပါးမှု အဆုံးသတ်ရေး၊ အစားအစာဖူလုံရေး၊ အဟာရပြည့်ဝရေးနှင့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး

**ပန်းတိုင် (၃)**
သက်ရွယ်မရွေး လူတိုင်းစေ့ကျန်းမာရေးနှင့် သာယာပျော်ရွှင်ရေး

**ပန်းတိုင် (၄)**
လူသားအားလုံး အကျုံးဝင်မှုရှိကာ ညီညွတ် မျှတပြီး အရည်အသွေးရှိသည့်ပညာသင်ယူနိုင်ရေးနှင့်အစဉ်လေ့လာသင်ယူနိုင်သော အခွင့်အလမ်း ရရှိရေး

**ပန်းတိုင် (၅)**
ကျား-မ တန်းတူညီမျှမှု ရရှိရေးနှင့် အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ အားလုံး စွမ်းပကား တိုးမြှင့်စေရေး

**ပန်းတိုင် (၆)**
လူသားတိုင်း သန့်ရှင်းသော သောက်သုံးရေနှင့် မိလ္လာစနစ် ရရှိရေးနှင့် စဉ်ဆက်မပြတ်သော စီမံခန့်ခွဲမှု ဖြစ်ပေါ်စေရေး

**ပန်းတိုင် (၇)**
လူသားတိုင်း လက်လှမ်းမီမှုရှိသော၊ စိတ်ချရသော ရေရှည်တည်တံ့ခိုင်မြဲသော ခေတ်မီစွမ်းအင် ရရှိရေး

**ပန်းတိုင် (၈)**
စဉ်ဆက်မပြတ်ဖြစ်ထွန်းပြီး အားလုံးအကျုံးဝင်သော ရေရှည် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး၊ လုပ်သားပြည့်အလုပ်အကိုင်ရရှိရေးနှင့် အားလုံးအတွက်ထုတ်လုပ်နိုင်စွမ်းရှိ၍ သင့်တင့်လျောက်ပတ်သောအလုပ်အကိုင် ရရှိစေရေး

**ပန်းတိုင် (၉)**
ကြံ့ခိုင်သောအခြေခံအဆောက်အအုံများတည်ဆောက်ရေး၊ အားလုံးအကျုံးဝင်ပြီး၊ ရေရှည်တည်တံ့သည့် စက်မှုလုပ်ငန်း ထူထောင်ရေးနှင့် ဆန်းသစ်တီထွင်မှုများကို အားပေးမြှင့်တင်ပေးရေး




**ပန်းတိုင် (၁၀)**
နိုင်ငံတွင်းနှင့် နိုင်ငံများကြား မညီမျှမှုလျှော့ချရေး




**ပန်းတိုင် (၁၁)**
အားလုံး အကျုံးဝင်သော၊ ဘေးကင်းလုံခြုံမှုရှိသော၊ ကြံ့ခိုင်မှုမရှိသော၊ ရေရှည်တည်တံ့နိုင်သော မြို့ပြများ နှင့် လူနေရပ်ကွက်များ ထူထောင်ရေး




**ပန်းတိုင် (၁၂)**
စဉ်ဆက်မပြတ် စားသုံးမှုနှင့် ထုတ်လုပ်မှု ပုံစံများ ဖြစ်ပေါ်စေရေး




**ပန်းတိုင် (၁၃)**
ရာသီဥတုပြောင်းလဲမှုနှင့် ယင်း၏အကျိုးသက်ရောက်မှုများလျော့ပါးစေရေးအတွက် အရေးကြီး လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရေး




**ပန်းတိုင် (၁၄)**
စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေရန် ပင်လယ်၊သမုဒ္ဒရာနှင့် ရေသယံဇာတများကိုထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ရေရှည်တည်တံ့နိုင်သည့်နည်းလမ်းဖြင့် အသုံးပြုရေး




**ပန်းတိုင် (၁၅)**
ကမ္ဘာလုံးဆိုင်ရာဂေဟစနစ်အား ကာကွယ်ထိန်းသိမ်းပြီး ရေရှည်တည်တံ့အောင်အသုံးပြုရေး၊ သစ်တောများ ရေရှည် တည်တံ့စေရန် စီမံခန့်ခွဲရေးနှင့် သဲကန္တာရများဖြစ်ထွန်းမှု ပပျောက်စေရေး၊ မြေယာပြုန်းတီးယိုယွင်းပျက်စီးမှုရပ်တံ့စေရေးနှင့် ဇီဝမျိုးစုံ မျိုးကွဲများ ပြုန်းတီးမှု ရပ်တံ့စေရေး




**ပန်းတိုင် (၁၆)**
စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်း၍ အားလုံးပါဝင်နိုင်သော လူ့မှုအဖွဲ့အစည်းများ ဖြစ်ပေါ်တိုးတက်ရေး၊ အားလုံးအတွက် တရားမျှတမှု ရရှိစေရေးနှင့် အဆင့်တိုင်း၌ ထိရောက်မှုရှိသော၊ တာဝန်ယူမှု/ တာဝန်ခံမှုရှိသော၊ လူတိုင်းအကျုံးဝင်သောအဖွဲ့အစည်းများ ထူထောင်ရေး




**ပန်းတိုင် (၁၇)**
အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာနည်းလမ်းများ ခိုင်မာအားကောင်းစေရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ရှင်သန် အားကောင်းစေရေး